
လွှမ်းနောင်
သုတေးစစ်
ကညွတ်နွယ်(ထီလာ)
ရည်ဝေ(လင်းရောင်ခြည်)
MAUNG NOE

# ဖယောင်းတိုင်တစ်တိုင်နှင့် အင်တာဗျူးလုပ်ခြင်း



# ဖယောင်းတိုင်တစ်တိုင်နှင့် အင်တာဗျူးလုပ်ခြင်း

"ခင်ဗျားသာ ဖယောင်းတိုင်
တစ်တိုင်ဆိုရင် ဘယ်လို
ဖယောင်းတိုင် ဖြစ်ချင်
တယ်လို့ စဉ်းစားဖူးလဲ"
"ဟင့်အင်း... ကျွန်မ
မစဉ်းစားပါဘူး။
ကျွန်မက ဖယောင်းတိုင်
တစ်တိုင်မှ မဟုတ်ဘဲ"

''ခင်ဗျားသာ ဖယောင်းတိုင် တစ်တိုင်ဆိုရင် ဘယ်လို ဖယောင်းတိုင် ဖြစ်ချင်တယ်လို့ စဉ်းစားဖူးလဲ''

''ဟင့်အင်း... ကျွန်မမစဉ်းစားပါဘူး။ ကျွန်မက ဖယောင်းတိုင်တစ်တိုင်မှ မဟုတ်ဘဲ''

ကျွန်မ၏ အဖြေကို သဘောမကျဘဲ အတင်းဖျစ်ညှစ်ပြီး ရယ်လေသည်။

''ခင်ဗျားက ဖယောင်းတိုင်တစ်တိုင် ဖြစ်မနေပေမယ့် ဖယောင်းတိုင် တစ်တိုင်ပါပဲ။ အချိန်တန်လို့မီးစာကုန်ရင် အလင်းရောင်လည်း ကုန်သွားမှာပဲ။ ဒါကိုခင်ဗျား ငြင်းလို့မရသလို ဝန်ခံစရာလည်း မလိုဘူး'' ''ဘယ်လို''

''ဟုတ်တယ်လေ၊ ဖယောင်းတိုင်တစ်တိုင် ဖြစ်လာမယ့် ဖယောင်းသား တွေက အရည်ကျိုတဲ့အခါ အိုးထဲမှာလည်း အပူပေးခံရ၊ ဖယောင်းတိုင် ဖြစ်သွားတော့လည်း မီးရှို့ခံရ၊ ခင်ဗျားလည်း ဘာထူးလဲ။ ဘယ်လို အပူမှန်း မသိတဲ့ အပူတွေ ခဏခဏ အလောင်ခံနေရတယ် မဟုတ်လား''

ကျွန်မ တိတ်ဆိတ်နေမိသည်။

''ရှိသေးတယ်။ ကျစ်ကျစ်လျစ်လျစ် လှလှပပလေးဖြစ်အောင် ပုံသွင်းခံရ တော့လည်း ခြယ်ပေးလိုက်တဲ့ အရောင်တွေက မတူတော့ အဲဒီ အရောင်တွေ က စကားအများကြီး ပြောသေးတာဗျ။ တချို့က အနီမှ ထွန်းချင်တာ၊ အဝါမှ ထွန်းချင်တာနဲ့ အရောင်လှရာ ရွေးထွန်းသလို မျက်နှာကြီးရာ သာယာကြ တယ် မဟုတ်လား။ တကယ်တမ်းကျတော့လည်း သာမန်ထွန်းနေကျ အဖြူ ရောင်တွေပဲ များတာပါပဲ။ ဘယ်ဟာထွန်းထွန်း အချိန်တန်ရင် မီးငြိမ်းမှာပဲ။ ဒါကိုတော့ မသိကြဘူး''

ဘယ်လိုပါလိမ့်။ ကျွန်မကို ဘာတွေလာပြောနေတာလဲ။

''အံ့မယ် .. ပါကင်လေးပိတ်ပြီးရောင်းတဲ့ ဖဲကြိုးအလှလေးစည်းပြီး

ရောင်းတဲ့ ဖယောင်းတိုင်နဲ့၊ တစ်တိုင်ချင်းခွဲရောင်းတဲ့ ဖယောင်းတိုင်တောင် ဈေးချင်းက မတူဘူးရယ်။ ကျုပ်က လုံးပတ်ပိုတုတ်လေ ဈေးပိုကြီးလေ မှတ်တာ၊ မဟုတ်ဘူးဗျ။ သေးသေးလေးတွေပေမယ့် ပိုလှရင် ဈေးကြီးတာပဲ''

''နေပါဦး၊ ကျွန်မက အဲဒါတွေနဲ့ ဘယ်လိုသက်ဆိုင်လို့ ဖယောင်းတိုင် တစ်တိုင် ဖြစ်သွားတာလဲ''

ကျွန်မ၏ မေးခွန်းဆုံးတော့ စိတ်ရှုပ်ထွေးသလို၊ စိတ်ပျက်သလို အသံနှင့် ပြန်ပြောသည်။

''ခင်ဗျားက အဲဒါ တုံးလွန်း အလွန်းတယ် ခေါ်တယ်။ ကျုပ် ဒီလောက် ရှည်ရှည်ဝေးဝေး ပြောလာတာ အခုထိ သဘောမပေါက်သေးဘူးလား။ ခဏ ဆက်နားထောင်လိုက်ဦး။ တချို့ကတော့ ဆရာသမားတွေကို ဖယောင်းတိုင်နဲ့ နှိုင်းယှဉ် ဂုဏ်တင်ကြတယ်။ တကယ်က ဆရာသမားချည်းပဲ ဖယောင်းတိုင် မဟုတ်ဘူးဗျ။ လူတိုင်းဟာ ဖယောင်းတိုင်နဲ့ တူတာ။ ကိုယ့်ကိုယ်ကို အနစ်နာ ခံပြီး တခြားလူကို ကူညီပေးမှ ဖယောင်းတိုင်မဟုတ်ဘူး။ အချိန်တန်ရင် သေ မယ့် လူလူချင်းတူရင် အားလုံးဟာ ဖယောင်းတိုင်ပဲ''

ကျွန်မ စိတ်ရှုပ်ထွေးလာသဖြင့် ခေါင်းကို ခါယမ်းလိုက်မိသည်။

''အလို ... စိတ်မရှုပ်ပါနဲ့ဗျ။ ကျုပ် ဒီထက်ရှင်းအောင် ပြောချင်ပါသေး တယ်။ မီးစာမကုန်ခင်တော့ ကိုယ့်ကိုယ်ကို အလောင်ကျွမ်းခံပြီး ကိုယ် တတ်နိုင်သမျှ ဘေးပတ်ဝန်းကျင်ကို တတ်နိုင်သလောက် အလင်းရောင်ပေး တာပဲလေ၊ ကျုပ်တို့လည်း ဘာထူးလဲ။ မသေခင်တော့ ကိုယ့်စိတ်ဒုက္ခ ကိုယ်ရှာ ပြီး လောဘတွေ၊ ဒေါသတွေကို အရောင်ပိုတောက်အောင်လုပ်ပြီး ပတ်ဝန်း ကျင်ကို အသက်ဝင်အောင် ခြယ်မှုန်းနေကြတာ၊ တကယ်ကလည်း ကိုယ့် ကိုယ်ကို အလောင်ကျွမ်းခံတယ်သာ ပြောတာပါ။ အဲဒီ လို အလောင်ခံရတာ ကိုက ကဗျာတစ်ပုဒ် ဖြစ်နေတယ် မဟုတ်လား။ လေတိုက်လို့ ဟုတ်ခနဲ ငြိမ်း သွားရင်တောင် ဖယောင်းတိုင်

မကုန်သေးသရွေ့တော့ ပြန်အထွန်းခံရမှာပဲ''

ကျွန်မ ရယ်မောလိုက်မိသည်။ အနည်းငယ်တော့ သဘောပေါက်လာသလိုပါပဲ။

''နောက်ထပ် ရှိသေးတယ်။ မိတ်ဖက်ဆိုတာ ဘယ်လောက် အရေးကြီးသလဲ၊ အမှီသဟဲပေါ့။ ဖယောင်းတိုင်တစ်တိုင်ရယ်လို့ ဖြစ်လာရင် အောက်ခံထွန်းတဲ့ခွက်၊ သို့မဟုတ် ပစ္စည်းတစ်ခုခုပေါ့။ နောက်တစ်ခုကတော့ အရေးကြီးဆုံးပဲ။ မီးခြစ် သို့မဟုတ် တောက်လောင်စေမယ့် မီးတောက်အပွား တစ်ခု ပေါ့။ ဒီမီးကို မတောက်စေချင်လို့လည်း မရဘူးလေ။ ဖယောင်းတိုင်ရယ်လို့ ဖြစ်လာမှတော့ ကိုယ့်ကိုယ်ကို မီးစာကုန်တဲ့အထိ အလောင်ခံရုံပဲ''

ဒီကြားထဲ လျှပ်စစ်မီးတွေက ပေါ်လာတော့ ဖယောင်းတိုင်တွေ မျက်နှာငယ်ပြီပေါ့။ တီထွင်မှုတွေ ဆန်းသစ်လာတော့ စက်ရုပ်တွေက လူတွေ အစားအသုံးများလာသလိုပေါ့။ အချိန်တန်ရင် လျှပ်စစ်မီးသီးတွေလည်း ကျွမ်းမှာပဲဗျာ။ ဒါကထားပါ။ လူတွေဘယ်လောက်များ မကျေနပ်သလဲဆိုရင် ဖယောင်းတိုင်ကို ရိုးရိုးလောင်ရုံ အားမရသေးလို့ ဖယောင်းရည်နဲ့ ငရဲမီး ဆိုတာကို ဆော့ကြသေးသဗျ။ တယ်ခက်သားလား။ နဂိုတည်းကမှ မီးတောက် သေးသေးလေးတောင် ပူနေရတဲ့ကြားထဲ ငရဲမီးဆိုတာကို ထပ်လုပ်တော့ ရေနစ်သူ ဝါးကူးထိုးသလို မဖြစ်ပေဘူးလား''

ကျွန်မ အသံလာရာကို စိုက်ကြည့်နေလိုက်သည်။ မီးတောက် သေးသေးလေးမှ လွဲ၍ အခြားဘာမှ မမြင်ရ။

''အခု နောက်ပိုင်းဆို ရေသန့်ဘူးခွံတွေထဲမှာ ရေထည့်ပြီး တီထွင်တဲ့ မီးသီးတွေတောင် ပေါ်လာပြီ ပြောတယ်။ လျှပ်စစ်ဓာတ်မလို၊ ဖယောင်းတိုင် လည်း မလိုတော့ဘူးပေါ့ဗျာ။ တဖြည်းဖြည်း ဆန်းသစ်လွန်းအားကြီးလာ တော့ နောက်ဆို ကျောက်ခေတ်ကလို ကျောက်ခဲနှစ်လုံးပွတ်ရုံနဲ့ မီးထွက်တဲ့ အခြေအနေ

ပြန်ရောက်မလား မသိဘူး။ တကယ်ဆို ကျောက်ခဲနှစ်လုံး ပွတ်လို့ မီးထွက်တယ် ဆိုတာကလည်း အသစ်ပဲ မဟုတ်လားဗျ''

ကျွန်မ အသာငြိမ်နေလိုက်သည်။ အသစ်တွေ၊ အဟောင်းတွေဆိုတာ လူက သတ်မှတ်မှ ဖြစ်တာပါ။ တကယ်တမ်းကျတော့ အသစ်ကလည်း အဟောင်း ဖြစ်သလို အဟောင်းကလည်း ပြန်လည်ဆန်းသစ်လာမယ်ဆိုတာ ကျွန်မ သဘောပေါက်သွားသည်။

''ကဲ ... ပြောသင့်သလောက်တော့ ပြောပြီးပြီ။ ခင်ဗျားသာ ဖယောင်းတိုင် တစ်တိုင်ဆိုရင် ဘယ်လိုဖယောင်းတိုင် ဖြစ်ချင်လဲ။ ဘာလုပ်မလဲဆိုတာ ပြောဦး''

ဘုရားရေ ... ကျွန်မ ဘာဖြေရမှာပါလိမ့်။ ပြောပြီးပြီပဲလေ။ ကျွန်မက ဖယောင်းတိုင်တစ်တိုင်မှ မဟုတ်ပဲ။ ဒါပေမဲ့ နှိုင်းယှဉ်ပြနေတာတွေက ကျွန်မ ကို ဖယောင်းတိုင်တစ်တိုင် ဖြစ်နေသည်ဆိုတာကို အတင်းဝန်ခံခိုင်းနေတာ မဟုတ်လား။ ကျွန်မ အမြန်စဉ်းစားလိုက်သည်။

''ကျွန်မက ဖယောင်းတိုင်တစ်တိုင်မဟုတ်လို့ သေချာတော့ မသိဘူး။ ဒါပေမဲ့ တချို့အချိန်မှာ ဟုတ်တယ် မဟုတ်ဘူးဆိုတာကလည်း ငြင်းလို့ မရ နိုင်တဲ့ ဥပဒေမဟုတ်လား။ ဒီတော့ ကျွန်မ ဖြေပါ့မယ်။ ကျွန်မသာ ဖယောင်း တိုင် တစ်တိုင် ဖြစ်မယ်ဆိုရင်တော့ အတိုင်သေးသေးနဲ့ အစွမ်းထက်တဲ့ ဖယောင်းတိုင်ပဲ ဖြစ်ချင်တယ်။ ကျွန်မကို တခြားလူတွေ မမြင်ရပေမယ့် ကျွန်မ အလင်းရောင်ကိုတော့ မြင်စေချင်တယ်။ အတိုင်သေးပြီး မီးခိုး အရမ်းအူတာလည်း မဖြစ်ချင်ဘူး။ ကောင်းကင်ကို အိုဇုန်းလွှာ ပါးလောက် စေတဲ့အထိ မီးခိုးမထွက်ချင်ဘူး။ ကိုယ့်ဘေးပတ်ဝန်းကျင်မှာ ကိုယ်က ခဏပဲ ဖြစ်ဖြစ် အသုံးတည့်ရင် ကျေနပ်ပြီ။ ဈေးလည်းမကြီးချင်ဘူး။ ပြီးတော့ အမှိုက်ကစ ပြာသဒ်မီးလောင်စေတဲ့ အမျိုးအစားထဲလည်း မပါချင်ဘူး .... အို . . . တကယ်က မီးစာမကုန်ခင် ကျွန်မကို ကောင်းကောင်း အသုံးချ မယ့် ပိုင်ရှင်မျိုးလက်ထဲပဲ ရောက်ချင်တယ် ... ကဲ''

''ခင်ဗျားက ဘယ်ဆိုးလို့လဲဗျ။ ဒါပေမဲ့ ဖယောင်းသားရယ်လို့ ဖြစ်လာရင် ကိုယ်ဖြစ်ချင်တဲ့အတိုင်း မဖြစ်ရတာ လည်း သဘာဝ ပဲ။ အပေါ်မှာ ခင်ဗျား ပြောခဲ့တာတွေက ခင်ဗျားရဲ့ လိုချင်တပ်မက်မှုတွေပဲ။ ဒီတော့ ခင်ဗျား ဖြစ်ချင်တဲ့အတိုင်း ဖြစ်ခွင့်ရချင်မှ ရမယ်ဆိုတာလည်း သိပါရဲ့နော်''

ကျွန်မ ခေါင်းညိတ်လိုက်သောအခါ ကြောက်မက်ဖွယ် ကောင်းလောက်အောင် တဟားဟား အော်ရယ်လေတော့သည်။

***

ကျွန်မ အိပ်ရာက လန့်နိုးလာသောအခါ မီးပျက်နေလေသည်။ အိပ်ရာဘေးမှ မီးခြစ်ကိုစမ်းပြီး ဖယောင်းတိုင်ထွန်းကာ နာရီကို ကြည့်လိုက်သည်။ မနက်နှစ်နာရီ ထိုးနေပြီ။ ချွေးအနည်းငယ် ထွက်နေ၏ ။ ဘာမှန်းမသိ လိုက်သော စကားတွေကြောင့် လူက ကြောင်စီစီ ဖြစ်နေမိသည်။ ပြန်အိပ် သော်လည်း အိပ်မပျော်တော့။ ဘေးနားမှ ဖယောင်းတိုင်ကို ကြည့်မိတော့ နို့ဆီခွက်ပေါ်တွင် အစွမ်းကုန် လောင်ကျွမ်းနေလေသည်။ ဒီဖယောင်းတိုင် ဘယ် အချိန် မီးစာကုန်မလဲဆိုတာကိုတော့ ကျွန်မ မသိပါ။ သူကတော့ ကျွန်မ မငြိမ်းသတ်သောကြောင့် လောင်ကျွမ်းမြဲ လောင်ကျွမ်းနေဆဲဖြစ်သည်။ သုတေးစစ်

**သုတေးစစ်**

***

ရောင်နီကတော့ ... သမ်းခဲ့ပြီ



# ရောင်နီကတော့ . .
# သမ်းခဲ့ပြီ

"အောက်အီးအီးအွတ်"

ရောင်နီတို့ သမ်းပြီ။

အလင်း ပျို့ပျို့အန်ချေပြီ။

လက်မှကတ်ကြေးသည်

အရှေ့တိုးရမည်လေလား။

အနောက်ဆုတ်

ရမည်လေလား.......

''အောက်အီးအီးအွတ်''

ရောင်နီတို့ သမ်းပြီ။ အလင်း ပျို့ပျို့အန်ချေပြီ။ လက်မှကတ်ကြေးသည် အရေ့တိုးရမည်လေလား။ အနောက်ဆုတ်ရမည်လေလား။ မျက်ရည် ကြည်တို့ ပြည့်နှက်နေသည့် မျက်ဝန်းဝိုင်းဝိုင်းလေးကို အာရုံတွင် ပြန်မြင်မိ သကဲ့သို့ ရှိ၏ ။

''ဟင့်အင်း ... ဟင့်အင်း ... ဘဘတို့နဲ့ပဲ နေခဲ့မယ်။ ဘဘတို့နဲ့ပဲ နေပါ ရစေ''

တစ်ရက်မှသည် တစ်ပတ်တန်ခဲ့ပြီ။ သွားခေါ်တိုင်း ခေါင်းတခါခါ လည် တခါခါနှင့် ငြင်းတတ်သည့် သမီးငယ်။ သူ့အဘိုးအဘွားရှေ့မှာ ဆွဲခေါ်လို့ မရ၊ ရိုက်နှက်ခေါ်လို့ မရနှင့် နောက်ဆုံး အဖေ့သံသယ မျက်လုံးကိုပါ အေးမိ ရင်ဆိုင်ခဲ့ရပြီးပြီ ဖြစ်သည်။ အကြည့်တို့ မှုန်ဝါးလာမှုသည် မျက်ရည်ကြောင့် လား၊ ရင်တွင်း အပူကြောင့်လား၊ ဝေခွဲမရခြင်းများစွာနှင့်။ အေးမိ ကတ်ကြေး ကို ပို၍ ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

''မေမေကြီး ... မေမေကြီး ... မေမေကြီးကိုချစ်တယ်။ ဖေဖေကြီး ... ဖေဖေကြီး ... ဖေဖေကြီးကိုချစ်တယ်''

အေးမိနှင့် ဇော်အောင့် လက်နှစ်ဖက်ကို တွဲလွဲခိုစီးရင်း ရယ်မြူးနေဖူး သည့် သမီးငယ်သည် ခုတော့ အေးမိဆီသို့ ပြန်မလာချင်တော့လေပြီလား။

## (၁)

ဒီနေ့မှပဲ မထင်မှတ်ဘဲ ကြာသွားရသည်။ သမီးလေးတော့ မျှော်နေမှာ ပဲဟု တွေးရင်း ခြေအစုံကို ခပ်သွက်သွက် လှမ်းလိုက်၏ ။ ဒီနေ့မှ ဒေါ်တိုးကြီး ကလည်း စကားကြောရှည်လိုက်တာဟု အပြစ်မြင်မိရင်း ဒေါ်တိုးကြီး ဆိုစကားတို့ကို

ပြန်ကြားယောင်မိလာပြန်သည်။

''နေ့ပြန်တိုးလေး ယူမိပါတယ်၊ သူ့လေကြောမှာ မျောရော''ဟုလည်း တီးတိုး အပြစ်တင် မိလိုက်သေးသည်။

''ယောကျ်ားဆိုတာမျိုးက လွှတ်မထားရဘူး အေးမိရဲ့။ သူတို့ရဲ့ သွေးသားဆာလောင်မှုက နေရာမရွေး အချိန်မရွေး ရှိတတ်တာဆိုတော့ ညည်းက မျက်စိဒေါက်ထောက်ကြည့်ထားမှ တော်ကာကြမှာ''

''အမယ်လေး ဒေါ်တိုးကြီးရယ်။ သူ့ယူမယ့်မိန်းမ ရှိပါစေဦး။ ပြန်အမ်း လိုက်ပါ့မယ်''

ရယ်ရင်း စကားဆိုမိပြန်တော့ ဒေါ်တိုးကြီးက ပြုံးသေးသည်။ ပြီးတော့ မှ ....

''တကယ်အမ်းနိုင်တာလည်း မဟုတ်ဘဲနဲ့အေ၊ ညည်းယောကျ်ားကို ကြိုက်သူ မရှိဘူးလို့လည်း ပြောနိုင်ဘူးလေ။ တချို့ကောင်မလေးတွေက အပြောချိုရုံနဲ့ ရုပ်ပါဖြောင့်ရုံနဲ့ ပါတတ်ကြတာမဟုတ်လား။ ညည်းယောကျ်ားက ငွေရှာမကောင်းပေမယ့် အပြောကောင်းလို့ပဲ ညည်းကိုယ်တိုင် ပါသွားတာ မဟုတ်ဘူးလား။ နောက်သတိထားရမှာက ညည်းယောကျ်ားက စပယ်ယာ၊ ဒီတော့ လိုင်းကားတစ်ခါ ပြောင်းလိုက်တိုင်း မိန်းမတစ်ယောက် ယူလို့ရတယ် မှတ်''

ဒေါ်တိုးကြီးစကားကို မငြင်းဝံ့ပါဘဲ အေးမိ လက်ခံလိုက်ရသည်။ ဟုတ် သည်လေ။ ယောကျ်ားယူဖို့ အစီအစဉ်သည် အေးမိ၏ ဘဝအစီအစဉ်ထဲတွင် မပါ။ ဇော်အောင်နှင့် တွေ့ပြီးမှ ပေါ်ပေါက်လာခဲ့ရသည် မဟုတ်ပါလား။ ဟော . . . အတွေးမဆုံးခင်ပင် အိမ်ကိုလှမ်းမြင်လိုက်ရပြီမို့ အေးမိခြေတို့ ပိုသွက်လာရသည်။ အေးမိတို့အိမ်လေးက တခြားတဲအိမ်လေးများနှင့် အတော်ပင် လှမ်းသည်။ ကျူးကျော်တဲ ဖြစ်သလို အေးမိနှင့်ဇော်အောင်၏ အချစ်စမ်းပွဲများကြောင့် အေးမိတို့နားက ရှင်းလင်းနေသည်။ ကျူးကျော် ရပ်ကွက်ဆိုတော့လည်း

ရွာလူကြီးမရှိပြီမို့ အေးမိနှင့် ဇော်အောင်တို့ကတော့ စိတ်ရှိသလို ကြမ်းလိုက်ရမ်းလိုက်နှင့် ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ပေါ့။ အေးမိ၏ အဖေကတော့ သျှောင်နောက်ဆံထုံးပါလိုက်သည့် အေးမိကို အပြစ်မြင် သည်။ ဇော်အောင်ကို လက်ကြောမတင်းဟု အပြစ်မြင်သည်။ သမီးငယ် ကိုပင် သူတို့နှင့်ထားခဲ့ဟု စကားဆိုတတ်သူမို့ ဇော်အောင်နှင့် ရန်ဖြစ်သော် လည်း အေးမိ မိဘအိမ်ကို ဘယ်တော့မှ မပြန်။

အိမ်လေးက မီးထွန်းမထား။ မှောင်မည်းလျက်ရှိ၏ ။ ဇော်အောင် မရောက်သေးတာ ဖြစ်မည်။ သမီးလေးကို ဘယ်အိမ်မှာများ ထားခဲ့ပါလိမ့်ဟု စဉ်းစားရင်း အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။ ထို့နောက် မီးခြစ်နှင့် ဖယောင်းတိုင်ထားရာ နေရာသို့ သွားလိုက်တော့ ကျင့်သားရနေသည့် လက်က မီးခြစ်ကော၊ ဖယောင်းတိုင်ကိုကောပါ စမ်းမိ၏ ။ ထို့နောက် မီးခြစ် ဖြင့် ဖယောင်းတိုင်ကို ထွန်းညှိလိုက်တော့ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အေးမိ မျက်လုံးတို့ ပြူးကျယ်သွားရင်း . . .

''ယောက်ျား''ဟု အော်လိုက်မိတော့သည်။ ပြန်မရောက်သေးဘူး ထင်နေသည့် ဇော်အောင်က အိမ်ထဲမှာ ထရံကိုမှီပြီး ထိုင်လျက်သား ရှိနေ သည် မဟုတ်ပါလား။ ဇော်အောင့် ရှေ့မှာတော့ သမီးငယ်။ ခွေခွေလေး လဲလျက်သား . . .

''သမီး အိပ်နေတာလား။ ဒီလောက် အစောကြီးကို ဒါမှမဟုတ် နေ မကောင်းလို့လား''

ဇော်အောင့်မျက်နှာက ဖြူဖပ်ဖြူလျော် ဆန်လွန်းလှသည်။ ထို့ကြောင့် အေးမိ ထပ်မေးမနေတော့ဘဲ ဖယောင်းတိုင်ကို ဇော်အောင့်အား ပေးရင်း သမီးငယ်ကို ပွေ့ချီလိုက်တော့ သမီးငယ်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ပျော့ ခွေလျက် ပါလာသည်။ နဖူးပြင်တွင်လည်း ချွေးစများနှင့်။

''ဘက္ကရီမီးချောင်း ထွန်းလိုက်တော့ ယောက်ျား။ သမီးကို ဆေးခန်း

သွားပြရင် ကောင်းမလား မသိဘူး။ နင်မလာခင်ကတည်းက သူအိပ်နေတာ လား''

''အင်း''

မပွင့်တပွင့် ဖြေလာသော ဇော်အောင့်ကို ကြည့်ရင်း အေးမိ နှာခေါင်း ရှုံ့လိုက်မိသည်။ တစ်ရက်တစ်လေများ ဒီအရည်ကို မသောက်ဘဲ မနေနိုင်ဘူး လားဟု စိတ်တွင်းမှ ဒေါသတကြီး ရေရွတ်မိရင်း သမီးငယ်ကို အိပ်ခန်းတွင်း သို့ ပို့ရန် ပွေ့ချီလိုက်သည်။

## (၂)

အိပ်ရာမှ နိုးလျှင်နိုးချင်းပင် သမီးငယ်၏ နဖူးပြင်ကို စမ်းမိလိုက် သည်။ အဖျားသွေး မရှိ။ သို့သော် သမီးငယ်၏ နှုတ်ခမ်းလေးများက ဖြူလျော့ နေဆဲ ဖြစ်ကြောင်း နှစ်ပေချောင်း မီးအလင်းဖြင့် တွေ့လိုက်ရသည်။ ဒီနေ့ ကျောင်းကို ပို့သင့်၊ မပို့သင့် အေးမိစဉ်းစားရပြီးဖြစ်၏ ။ ဆိုင်ပိတ်ပြီး သမီး အနားမှာပဲနေရင် ကောင်းမလားဟု တွေးမိချေပြီ။ သူမ၏ ဘေးဘက်မှာ တော့ ဇော်အောင်ရှိမနေ။ တပိုတပါး သွားနေသည် ဖြစ်မည်။

''သမီး ... သမီး''

မျက်လုံး မဖွင့်။ နိုးထမလာ။ သို့သော် သမီးငယ်၏ လက်ချောင်းလေး များက စောင်ကိုတင်းတင်း ဆုပ်ကိုင်ထားသည်မို့ အေးမိ သမီးငယ်၏ လက် ချောင်းလေးများကို အသာအယာ ကိုင်ဖြုတ်လိုက်တော့ သမီးငယ်၏ မျက်လုံး လေး ပွင့်လာသည်။

''မေမေ . . . မီးငယ် ဘဘတို့ဆီမှာ သွားနေချင်တယ်''

''ဘာလို့လဲသမီးရဲ့။ ဘဘတို့ကို လွမ်းလို့လား။ လွမ်းရင် ဒီတစ်ပတ် ကျောင်းအားရက်ကျ လိုက်ပို့ပေးမယ်လေ''

မဖြေ။ သမီးငယ် မဖြေ။ ဖြူဖျော့နေသော သမီးငယ်၏ နှုတ်ခမ်းအစုံသည် ရုတ်တရက်ပိုင်းသွားရာမှ တင်းတင်းစေ့သွားသည်မို့ အနောက်ဘက်ဆီ သို့ လှမ်းကြည့်လိုက်မိတော့ ဇော်အောင် . . . စိတ်ထဲမှာ ဘာကြောင့်ထင့်ခနဲ ဖြစ်သွားရသည်လဲဟု မဆန်းစစ်နိုင်ခင်တွင် ဇော်အောင့်ထံမှ ...

''သမီးလေး နိုးပြီလား။ ဦးဖေဆီ လာပါဦး။ မနက်စာ ဘာစားမလဲ''

သူမ၏ လက်ဖြင့် ဆုတ်ကိုင်ထားသော သမီးငယ်၏ လက်ကလေး သည် ပို၍ အေးစက်လာသလို ရှိသည်။ ခေါင်းကိုတော့ တွင်တွင်ခါယမ်းရင်း

''သမီး ဘဘတို့ဆီမှာ သွားနေချင်တယ်။ အိပ်လည်း အဲဒီ မှာပဲ။ ကျောင်းတက်လည်း အဲဒီ မှာပဲနေမယ်။ မေမေလိုက်ပို့ပေးပါနော် မေမေ''

''သမီး ... ဘာ . . .''

မေးခွန်းမဆုံးခင်တွင်ပင် သမီး၏ ခန္ဓာကိုယ်က ရုတ်တရက် ပျော့ခွေ သွားမှုကြောင့် အေးမိ ကပျာကယာ သမီးငယ်ကို ကြည့်လိုက်မိသည်။ သတိမေ့သွားသည့် အခြေအနေမို့ ...

''ဟဲ့ ဇော်အောင် . . . ရှူဆေးဗူး သွားဝယ်ချေ။ ဒေါ်တုတ်ကြီးဆိုင်ကနေ တစ်ခါတည်း အချဉ်ထုပ်ပါဝယ်ခဲ့''

ဇော်အောင် ရှူဆေးသွားဝယ်နေသည့်အချိန်တွင် သမီးငယ်ကို အိပ်ရာ ပေါ်သို့ ပြန်လှဲပေးလိုက်သည်။ သို့သော် ထင့်ခနဲဖြစ်သွားသည့် သကာမကင်း ဖြစ်စိတ်ကို မဖြစ်နိုင်ပါဘူးလေဟုသည့် အတွေးကိုတွေးရင်း ပို၍ စိတ်ချ သေချာစေရန် ကပျာကသီဖြင့် သမီးငယ်ကို စစ်ဆေးကြည့်လိုက်တော့ ရင်မှာ ပူခနဲ။ တဝုန်းဝုန်းနှင့် လှိုက်ဖိုတက်လာသော ဒေါသမီးကို ငြိမ်းသတ်နိုင်စွမ်း မရှိသေး။ သို့သော် သမီးငယ်၏ လက်ရှိအခြေအနေအရ စိတ်ချရအောင် အနားပေးရဦးမည်။ ရှေ့တူရှုသို့ ကြည့်လိုက်သည်။

အိပ်ရာပေါ်မှာ ပျော့ခွေကာ သတိလစ်နေဆဲ သမီးငယ်ကတော့ အေးမိ၏ သောကကို မသိနားမလည်စွာဖြင့် ဥပက္ခာပြုထားလေသည်။

## (၃)

''ယောက်ျား . . . နင်နဲ့ငါ ကွာရှင်းကြရအောင်''

ဖျတ်ခနဲကြည့်လာသော ဇော်အောင့်အကြည့်တွင် တစ်စုံတစ်ခုကို ထိတ်လန့်နေသယောင် ထင်ရ၏ ။

''ဘာလို့ကွာမှာလဲ အေးမိရယ်။ ငါ ဘာအမှားလုပ်မိလို့လဲဟာ''

ဇော်အောင့်ကို ရွံရှာစက်ဆုပ်စွာ ကြည့်လိုက်မိသည်။ သို့သော် မပေါ်စေရပါ။ ခေါင်းကိုသာ ခါယမ်းရင်း ....

''မဟုတ်ပါဘူးဟယ်။ ကိုရီးယားကားတွေမှာ အတွေ့များလို့ စကြည့်တာ။ ငါ့ဆိုင်နောက်က လက်ဖက်ရည်ဆိုင်မှာလေ . . . နေ့ခင်းတိုင်း လူပါးတော့ ယောက်ျားတွေ ဖောက်ပြန်တဲ့ အိမ်ထောင်ရေးဇာတ်လမ်းကို အတွဲလိုက်ပြတာ နေ့ခင်းတိုင်းနော်။ ဒါကြောင့် ငါလည်း နင့်ကို စကြည့်တာ''

သက်ပြင်းချသံနှင့်အတူ ဇော်အောင်၏ လက်တို့က သူမ၏ ရင်ညွှန့်ဆီ ဝဲလာသည်။ အေးမိမျက်လုံးကိုမှိတ်လိုက်တော့ မြင်လိုက်ရသည်က သမီးငယ်။ အေးမိအဖေ သူ့အဘနောက်မှာ ပုန်းကွယ်နေရင်း ....

''သမီး ဘဘတို့နဲ့ပဲ နေမယ်နော်။ ဘဘတို့နဲ့ပဲ နေမယ်နော်''

အဖေကတော့ ခဏလေးပါဟု ပြောသော်လည်း သမီးငယ်၏ မျက်ဝန်းထဲမှ ကြောက်ရွံ့ရွံ့ရှာမှုများကို အေးမိ မမေ့နိုင်။ ဒါ ခဏမဟုတ်ဘဲ တစ်သက် စာ ဖြစ်သွားမှာကို စိုးလှပါသည်။ သမီးငယ်ကိုယ်ဝန်နှင့် မုဆိုးမအဖြစ်ကို

ရောက်ရှိခဲ့သည့် အေးမိ၊ သမီးငယ် အသက်လေးနှစ်တိုင်အောင် နောက် အိမ်ထောင် မထူခဲ့။ ယောကျ်ား ဆုံးပါးပြီးကတည်းက တောက်လျှောက် ကွမ်းယာဆိုင်နှင့် အသက်မွေးတဲ့ အေးမိတစ်ယောက် အပြောချိုတဲ့ စပယ်ယာ ဇော်အောင်နှင့်မှ ကျွတ်တမ်းဝင်တော့သည် မဟုတ်ပါလား။ ယခု တော့ မှားလေပြီလား။ ဇော်အောင်ကတော့ သူ့ရမ္မက်ကို ဖြေသိမ့်ဖို့ရာ ကြိုးစား နေဆဲဖြစ်၏ ။

''မင်း တာဝန်မကျေဘူး။ မင်း သမီးအပေါ်ကို တာဝန်မကျေဘူး''

''မဟုတ်ဘူး . . . မဟုတ်ဘူး''

ခေါင်းကို အပြင်းအထန် ခါယမ်းလိုက်မိရင်း အေးမိ လန့်နိုးလာသည်။ ဘေးနားမှာတော့ ဇော်အောင်က အိပ်စက်နေဆဲ။ အိပ်မက်ထဲမှာ သေဆုံး သွားပြီဖြစ်သည့် အရင်ယောကျ်ား၏ မျက်လုံးရဲရဲကြီးများကို မြင်ယောင် မိသော်လည်း အေးမိ မကြောက်။ အေးမိကြောက်သည်က . . .

သမီးငယ်၏ မျက်ဝန်းလေးများ။ ဖျော့လျော့နေသည့် မျက်ဝန်းလေး များတွင် အဓိပ္ပာယ်များစွာ ပါသည်။ အေးမိ၏ မေးခွန်းမှန်သမျှကို ခေါင်းညိတ် ခေါင်းခါသာလုပ်ခဲ့သော သမီးလေး။ ထိုခေါင်းညိတ် ခေါင်းခါတွင်ပင် ဇော်အောင်၏ သားစားကျူးမှု ပြဿနာကြောင့် သမီးလေး စိတ်ဒဏ်ရာ ရသွား ခြင်းဖြစ်ကြောင်း အဖြေထွက်လာခဲ့သည်။

''ဦးဖေကို ထားခဲ့ပြီး သမီးနဲ့ လာနေပါလားဟင်''

မျက်လုံးဝိုင်းဝိုင်းလေးများမှာ မျက်ရည်အပြည့်ဖြင့် မေးလာသော သမီးငယ်လေး။ အဖေ့ကို တွေ့သည်နှင့် အဖေ့လက်ကို ရုတ်ခနဲဆွဲလို့ ကိုယ် ဆီက လက်ကို ဆတ်ခနဲရုတ်သွားခဲ့ပါသော သမီးငယ်လေး။ ဇော်အောင်နှင့် လက်ထပ်ပြီး ခြောက်လကြာသည်ထိ ပြဿနာမရှိပါဘဲ ယခုမှ စိတ်ဇောတွေ တက်ကြွလာရလားဟု ကံကြမ္မာကို ယိုးမယ်ဖွဲ့ချင်သည်။ အိုး ... ဒါကံကြမ္မာမှ မဟုတ်ဘဲ။ ယောကျ်ားတစ်ယောက်ရဲ့ သားစားကျူးမှုပြဿနာ မဟုတ် ဘူးလား။

ဆန္ဒပြည့်ဝသွားပြီဖြစ်သည့် ဇော်အောင်၏ ကုလားသေ ကုလားမော ဟောက်သံကြီးက တစ်ချက်တစ်ချက်ပေါ်လာသည်။ မှုခင်းဂျာနယ်တွေမှာ ပါလာကျ ပုံစံအတိုင်း ရပ်ကွက်လူကြီးနဲ့ ရဲစခန်းကို တိုင်လျှင်ကော . . .

အတွေးမဆုံးခင် အေးမိခေါင်းကိုဆတ်ခနဲ ခါပစ်လိုက်သည်။

ဟင့်အင်း ... ဟင့်အင်း ... ဒါဆို သမီးလေးရဲ့ဘဝမှာ တစ်သက်လုံး အမည်းစက်အဖြစ် လိုက်နေမှာပေ့ါ။ ဒါဆို အေးမိဘာလုပ်လို့ရလဲ။ အေးမိ ကိုယ်တိုင် သတ်လိုက်ရင်ကော။ အို ... ဒါဆိုလည်း လွယ်ပေမယ့် အေးမိရဲ့ဘဝ ဟာ သမီးလေးနဲ့ ဆက်စပ်နေတာပဲ မဟုတ်လား။

အေးမိ၏ အပြုအမူကြောင့် သမီးလေး ထပ်မံနစ်နာရမည်ကို စိုးပါသည် လေ။ အို.. ဒါပေမယ့်လည်း အေးမိ သမီးလေးကို ပြန်မတွေ့ရင် ဖြစ်တာပဲ မဟုတ်လား။ ဇော်အောင့် ဟောက်သံကြောင့် စိတ်ရိုင်းများကတစတစ ပိုပို ပြင်းထန်လာသည်။ ဘီလူး။ သားစားကျူးတဲ့ဘီလူး . . . ရှောင်သင့်၊ မရှောင် သင့်တောင် မစဉ်းစားတတ်တော့တဲ့ဘီလူး ... ကြိုတင်မတွေးထားပါဘဲ လက်တို့က ကွမ်းသီးစိတ်ကတ်ကြေးကို အံဆွဲထဲမှ ထုတ်ယူလိုက်သည်။

အို ... အေးမိသာ တရားခံဖြစ်ရင် သူ့အမေဟာ တရားခံဆိုပြီး သမီးလေး မျက်နှာငယ်မှာပေ့ါ။ ဒါပေမယ့် . . . ဒါပေမယ့်လည်း သမီးလေးအတွက် ဘယ်လို ပြန်ဖြေသိမ့်ပေးရမှာလဲ။

''အောက် ... အီး ... အီး ... အွတ်''

ရောင်နီတို့သမ်းပြီ။ အလင်းပျို့ပျို့ အန်ချေပြီ။ လက်မှ ကတ်ကြေးသည် အရှေ့တိုး ရမည်လေလား။ အနောက် ဆုတ်ရမည်လေလား။ သမီးငယ်၏ မျက်ဝန်းဝိုင်းဝိုင်းလေးကို အာရုံတွင် ပြန်မြင်မိသကဲ့သို့ ရှိ၏ ။ ထိုကဲ့သို့ မျက်ဝန်းဝိုင်းလေးများတွင် မျက်ရည်ကြည်တို့ ပြည့်အောင်လုပ်ရက်သည့် သားစားကျူး ဘီလူးတို့ ဘယ်လောက်များများ အသက်ရှင်နေကြပါသလဲ။

သိပ်မကြာခင် ထို ဘီလူး နိုးထလာတော့မည်။ ကတ်ကြေးကို ဆုပ်ကိုင်ထား သည့် လက်တို့ ပို၍ တင်းကြပ်လာသလိုရှိ၏ ။

လူမဆန်သည့် ဘီလူးနှင့် သမီးငယ်၏ ရှေ့တက်လမ်း ... အမည်းစက် တွေးရင်း တွေးရင်းပင် အရာရာသည် ချာချာလည်သွားသလို ထင်ရ၏ ။ လက်မှ ကတ်ကြေးကတော့ ရှေ့တိုးရမလား၊ နောက်ဆုတ်ရမလားဖြင့် ယခုထိ တဆတ်ဆတ် တုန်ခါနေဆဲ။

**ရည်ဝေ (လင်းရောင်ခြည်)**

***

# သခွတ်ပန်းရဲ့ ချစ်ကြည်ရေးရာဇဝင်



# သခွတ်ပန်းရဲ့
# ချစ်ကြည်ရေးရာဇဝင်

ကမ္ဘာပေါ်မှာ အကြာဆုံး
**စစ်ပွဲ**ကို ခင်ဗျားသိလား။
**ကျုပ် မေး**လို့သာ မေးရတာပါဗျာ။
ခင်ဗျားသိမှာ မဟုတ်ပါဘူး။
ဪ … ခင်ဗျားက
သိတယ်လား။ ဆိုစမ်းပါဦး …….



ကမ္ဘာပေါ်မှာ အကြာဆုံးစစ်ပွဲကို ခင်ဗျားသိလား။ ကျုပ် မေးလို့သာ မေးရ တာပါဗျာ။ ခင်ဗျားသိမှာ မဟုတ်ပါဘူး။ ဩော် . . . ခင်ဗျားက သိတယ်လား။

ဆိုစမ်းပါဦး ဒါဆို။ ဘာဗျ။ ခရူးဆိတ်စစ်ပွဲ ဟုတ်လား။ ကျုပ်ကတော့ ဗဟုသုတနည်းတယ်ပဲ ပြောပြော မကြားဖူးဘူးဗျ။ ဩော် ... အင်း ... အင်း၊ ခရစ်ယာန်နဲ့ အစ္စလာမ်နဲ့ဖြစ်တဲ့ ဘာသာရေးစစ်ပွဲလား။ လုပ်စမ်းပါဦး။ ဘယ်လောက်လောက် ကြာပြီလဲဆိုတာကို ကျုပ်သိပ်စိတ်ဝင်စားတယ်။ နှစ်ပေါင်း လေးရာကျော်ပြီ ဟုတ်လား။ ဟား ဟား ...။ ခင်ဗျားက သိပ်ရယ်စရာပြောတဲ့ သူပဲဗျ။ ဟား ဟား . . .။ ကျုပ် သိပ်သဘောကျတယ်ဗျာ။ ဘာတဲ့ နှစ်ပေါင်း လေးရာကျော်တဲ့လားဗျာ။ ဒီမှာ ခင်ဗျား မသေမချင်း မှတ်ထားဗျ။ ကမ္ဘာ ပေါ်မှာ အကြာဆုံးစစ်ပွဲက ကျုပ် ဦးဆောင်ပြီး တိုက်နေတဲ့စစ်ပွဲဗျ။ ဘာလဲ ခင်ဗျားက ကျုပ်ကို ဂန္ထဝင်ဇာတ်လမ်းတွေထဲက သူရဲကောင်း စစ်သည် တစ်ဦးလို့ ထင်နေလို့လား။ မဟုတ်ဘူးဗျ။ ကျုပ်အကြောင်းကို ခင်ဗျားမသိလို့ မဟုတ်ပါဘူး။ ခင်ဗျားသိပါတယ်။ ဒါပေမဲ့ ခင်ဗျားမှာ ကိုယ်ချင်းစာတရား နည်းပါးနေတယ်။ ခင်ဗျား ကျုပ်တို့ကို မေ့ထားတယ်။ ခင်ဗျား သိအောင် ပြောပြမယ်။ လောကမှာ တိုက်ပွဲတွေအများကြီး ရှိတယ်ဗျ။ ခင်ဗျား ပတ်ဝန်း ကျင်မှာလည်း တိုက်ပွဲတွေ ရှိပါတယ်ဗျာ။ ခင်ဗျားက သတိမမူလို့ပါ။ ကျုပ်ကို ခင်ဗျား စိတ်ဝင်စားနေပြီမို့လား။ ကျုပ်ပြောတဲ့ တိုက်ပွဲကိုလည်း ခင်ဗျား သိချင်နေပြီမို့လား။ ဒီလိုလေဗျာ။

***

ကျုပ်စိတ်တွေ ထိန်းချုပ် မရတော့ဘူး။ တော်တော်လေးကို ဒေါသထွက် နေပြီ။ နေညိုရင် လေပြိုတတ်တဲ့ အမူးသမားတစ်ယောက်လိုပဲ။

ဒီအချိန်ရောက်ရင် ကျုပ်တော်တော်ကို ဒေါသထွက်လာတတ်တယ်။ အထူး သဖြင့် အဖြူရောင်၊ အဲဒီ အဖြူရောင်မြင်ရင် ပိုဆိုးတယ်။ အဲဒီ အရောင်ကို တွေ့ရတဲ့အချိန်မှာ ကျုပ်မျက်လုံးတွေ မီးဝင်းဝင်း တောက်ကောင်း တောက်

နေလိမ့်မယ်။ အခုအခုလည်း မြင်နေရပြန်ပြီ။ ပန်း ...၊ အဖြူရောင် အဆင်း ရှိတဲ့ အဲဒီ ပန်း ...။ ဒီပန်းကတော့ အဆိုးဆုံးပဲ . . .။ ဘယ်လိုမှ ထိန်းချုပ် မရတဲ့အဆုံး ကျုပ်အနီးမှာရှိတဲ့ ကျုပ်ရဲ့လက်နက်ကို ယူလိုက်တယ်။

''တပ်မှူးကြီး ... တပ်မှူးကြီး''

ကျုပ်ရဲ့ ခေါ်သံကြောင့် အနီးမှာခစားနေတဲ့ တပ်မှူးကြီးက အသင့်ရှိကြောင်း သံတော်ဦး တင်တယ်။

''ကျုပ်အခုပဲ စစ်တိုက်မယ်။ မတရားလုယူခံရတဲ့ ကျုပ်နေရာကို ကျုပ်ပြန်ယူမယ်။ အားလုံးကို အဆင်သင့် ပြင်ခိုင်းထားလိုက်''

ကျုပ်စကားဆုံးတော့ တပ်မှူးကြီးက ကပျာကသီ ထထွက်သွားတယ်။ နောက်မကြာပါဘူး။ တပ်သားတွေကို ဦးဆောင်ပြီး ကျုပ် စစ်ထွက်ခဲ့တယ်။ စစ်တံပိုးခရာသံတွေနဲ့အတူ ကျုပ်တို့တစ်ဖွဲ့လုံး စိတ်ဓာတ် အင်အားလည်း သိပ်တက်ကြွနေတယ်လို့ ကျုပ်ထင်တယ်။

ဟော ... မြင်နေရပြီ။ ကျုပ်နေခဲ့ဖူးတဲ့ နေရာ။ ကျုပ် ပိုင်ဆိုင်ခဲ့တဲ့ ကျုပ်စံမြန်းခဲ့တဲ့ ဗိမ္မာန်ဟောင်း။ ကုန်လွန်ခဲ့ပြီဖြစ်တဲ့ အဖြစ်အပျက်တွေက ကျုပ်အာရုံထဲမှာ အမြန်နှုန်းနဲ့ ရုန်းကြွနေတယ်။ ဒင်း ... ဒင်း ... ကျုပ်တို့ အပျော်ကျူးတာကို အခွင့်ကောင်းယူပြီး ကျုပ်တို့ကို လုပ်ကြံတာ။ တွေးရင်း ကျုပ်ဒေါသက မီးဟုန်းဟုန်းတောက်လာတယ်။ ဗိမ္မာန်ဟောင်းကို ကြည့်ပြီး ဇာတိသွေးဇာတိမာန်က အလိုလိုကြွလာတယ်။ ဒေါသကို မထိန်းနိုင်တော့တဲ့ အဆုံး ကျုပ်လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ကျုပ်ရဲ့လက်နက်ကို ဝှေ့ယမ်း လိုက် ပြီး ကျုပ်တစ်ခွန်းထဲ အသံကုန်အော်လိုက်တယ်။

''တိုက် ... ''

ကျုပ်အော်သံ အဆုံးမှာတော့ အော်ဟစ်သံတွေ၊ မာန်သွင်းသံတွေနဲ့ အတူ ကျုပ်တို့တပ်ကြီးက ရန်သူတွေဆီကို တဟုန်ထိုး အသေအကျေ ထိုးဝင်

တိုက်ခိုက်ပစ်တယ်။ မကျေနပ်တဲ့ စိတ်အခံကြောင့် ထင်တယ်။ ကျုပ်တို့ တပ်သားတွေ မကြောက်မရွံ့ နောက်မတွန့်ပဲ ရှုပ်ရှုပ်ချုံချုံကို တိုက်ခိုက် နေတာ။ ကျုပ်ဖြင့် တကယ့်ကို အားရဝမ်းသာမိတယ်။ တိုက်ရင်းခိုက်ရင်း ကျုပ် တိုက်ပွဲအခြေအနေကို သုံးသပ်လိုက်တယ်။ မဆိုးဘူး။ ကျုပ်ဘက်က အသာစီး နေရတယ်။ ဒါပေမဲ့ တိုက်ပွဲထဲမှာ ဒင်းမပါသေးဘူး။ ဒင်းကို တွေ့မှ၊ ဒင်းကို တွေ့ပါမှ။

ဟော ... ကျုပ်ကြည့်နေရင်းမှာပဲ တစ်ဖက်ကရန်သူတွေ ဆုတ်ခွာနေ တယ်။ မှန်းစမ်း . . . ဆုတ်ခွာတာ ဘယ်သူတွေလဲ။ ဩော် နဂါး၊ ဂဠုန်၊ ဂုမ္ဘာဏ်၊ ယက္ခိုသ်တို့ပါလား။ ဟော . . . ဟိုလေးယောက်လည်း ပါသေးတယ်။ မဟာရာဇ်လေးယောက် . . . အဲဒီ လေးယောက်။ ကျုပ်ရဲ့စီးတော်ယာဉ်ကို အဲဒီ လေးယောက်ဘက် လှည့်လိုက်တယ်။ တရှိန်ထိုးပဲ ကျုပ် သူတို့ဆီကို အပြင်း ဝင်လိုက်တယ်။

''ဟာ . . . ''

ဘယ်လိုမှ မထင်ရပါလား။ သူတို့ဘက်က စစ်ကူတွေ ရောက်လာ တယ်။ ဝရုဏ၊ ဣသာန၊ ပဇာပတိ၊ အိုး . . . သုံးဆယ့်သုံးယောက်သော စစ်သေနာပတိတွေ ဦးဆောင်ပြီး စစ်အင်္ဂါအပြည့်အစုံနဲ့ ''ဒင်း'' ကိုယ်တိုင် ထွက်လာတာပါလား။ ကျုပ် ကျေကျေနပ်နပ် ပြုံးလိုက်တယ်။ ကျုပ်ရဲ့ ရန်သူ အစစ် ဒင်းကိုတွေ့လိုက်ရမှ သွေးတွေ ပိုပြီး ဆူဝေလာသလားတောင် ကျုပ် ကိုယ်ကျုပ် ထင်မိတယ်။ ''လာစမ်းကွာ'' လို့ ကျုပ်စိတ်ထဲကနေ ကြုံးဝါးရင်း ကျုပ်ရဲ့စစ်မြားဦးကို ဒင်းဆီလှည့်လိုက်ပြီး ဒင်းနဲ့ကျုပ်ကြားမှာ ကာထားတဲ့ ရန်သူတွေကို အပြင်းပဲ ထိုးဖောက်တိုက်ခိုက် ပစ်လိုက်တယ်။ မဲမဲအရိပ်တွေက ကျုပ်ဘေးကနေ ရိပ်ကနဲရိပ်ကနဲ ကျန်ရစ်တယ်။ တချို့ကလည်း အပိုင်းပိုင်း အပြတ်ပြတ်။ ကျုပ် သူတို့တွေကို အထူးဂရုမစိုက်အားဘူး။ အဓိကက ဒင်းဆီ ရောက်ဖို့ .. အဲဒီ အချိန်မှာပဲ။ အဲဒီ အချိန်မှာပဲ . . . ဒင်းရဲ့လှုပ်ရှားမှုကို ရိပ်ကနဲ ကျုပ်

တွေ့လိုက်ရတယ်။ လှမ်းကြည့်လိုက်တော့ ဒင်းက လက်တစ်ဖက်ကို မြှောက်ပြီး လက်နက်ကို ဝှေ့ယမ်းတာ တွေ့လိုက်ရတယ်။

''ဒိန်း . . .''

အား . . . ကျုပ်နားတွေ အူထွက်သွားတယ်။ ဟာ ... ဟာ ... ဘယ်လို ဖြစ်တာလဲ။ ကျုပ်ရဲ့ တပ်သားတွေ ဘယ်လိုဖြစ်တာလဲ။ အလဲလဲ အကွဲကွဲနဲ့ ပြန်ဆုတ်နေကြပါလား။ အခြေအနေမဟန်မှန်း ရိပ်မိလိုက်တဲ့ကျုပ် သူတို့နဲ့ အတူတူ တပ်ကို ပြန်ဆုတ်ရတယ်။ ဆုတ်ရင်းနဲ့လည်း တိုက်ပွဲဖြစ်တဲ့ နေရာ တစ်ခုလုံးကို ကျုပ် သတိထားကြည့်လိုက်တယ်။ အား ... သွေးတွေ... သွေးတွေ။ အများကြီးမှ တကယ်ကို အများကြီး။ ခန္ဓာကိုယ် အပိုင်းပိုင်း အပြတ်ပြတ်နဲ့ အသေကောင်တွေ။ ဒဏ်ရာဒဏ်ချက် ဗရပွနဲ့ အလောင်းတွေ။

ကျုပ်မျက်စိကို အမြန်ပိတ်လိုက်ပြီးမှ ရုတ်တရက် သတိရပြီးနောက်ကို လှည့် ကြည့်လိုက်တယ်။ လိုက်လာတယ်။ ဒင်းတို့တတွေ လိုက်လာသေးတယ်။ ကျုပ်လည်း ကျုပ်တပ်ဖွဲ့တွေကို သေချာထိန်းကွပ်ရင်း အောင်မြင်စွာ ဆုတ်ခွာ ခဲ့ရတာ ပေါ့။ ဟုတ်တယ်။ ကျုပ်တကယ်ကို အောင်မြင်စွာ ဆုတ်ခွာလာတာ။ ဟုတ်တယ်လေ။ မနိုင်တော့တဲ့အတူတူ အောင်မြင်စွာ ဆုတ်ခွာနိုင်ရင် အသေ အပျောက်နည်းပြီး နောက်တစ်ကြိမ်အတွက် ကြိုးစားခွင့်ရှိသေးတယ်လေ။ မဟုတ်ပဲနဲ့ ဆက်မိုက်နေရင် ဆင်ကန်းတောတိုးသလို ဖြစ်နေမှာပေါ့။ ဆုတ်ခွာ ရင်းနဲ့လည်း နောက်တစ်ကြိမ်ဆိုတာကို စိတ်ထဲကနေ တွေးနေမိတယ်။ တွေ့ကြသေးတာပေါ့ကွာ။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပေါ့။

***

''မဖြစ်ဘူး။ ကျုပ် သူတို့ကို တိုက်ကိုတိုက်မယ်၊ မနိုင်မချင်း တိုက်မယ်။ ဒီမှာ အကြံပေး အမတ်ကြီး ... ဆက်ပြီး ဖျောင်းဖျကန့်ကွက်နေဦးမယ်ဆိုရင် ခင်ဗျားကို ကျုပ်အရေးယူရလိမ့်မယ်။ ဩော . . . ခင်ဗျားကဆက်ပြီး ပြောဦး

မယ်ပေ့၊ ပြောစမ်းဗျာ . . . နောက်ဆုံးအခွင့်အရေးအနေနဲ့ ခင်ဗျားကို ပြောခွင့်ပြုလိုက်မယ်။ ပြောပြီးရင်တော့ ခင်ဗျား အလိုက်သိစွာနဲ့ ထွက်သွား တော့''

ကျုပ်ဒေါသက အခုမှကို အထွတ်အထိပ် ရောက်နေတယ်လို့ ထင်တယ်။ ဘယ့်နှယ့်ဗျာ။ ကျုပ်တို့ရာဇဝင်မှာ သွေးကြောင်ခဲ့ဖူးတာမဟုတ်ဘူး။ ဒါကိုများ သူကရန်သူကိုဆက်မတိုက်ဖို့ သွေးကြောင်စကားတွေနဲ့ ကျုပ်ကို လာနားချ နေသေး။ တွေ့ဦးမယ်။ ဒီနောက်ဆုံး အခွင့်အရေးအနေနဲ့ စကားပြော ပြီးရင် ဒင်းကို ပြစ်ဒဏ်ကြီးကြီးမားမားကို ပေးပစ်မယ်။ အကြံပေး အမတ်ကြီးက တော့ ဆက်ပြောနေဆဲပဲ။ သူ့အသံက ဟိုးအဝေးကြီးကနေ လာသလိုလို ဖြစ်လိုက်၊ အနီးကပ်ပြီးပြောသလိုလို ဖြစ်လိုက်နဲ့

''. . . . .''

''. . . . .''

အင်း . . . ကျုပ်စိတ်တွေ အရမ်းရှုပ်ထွေးနေတယ်။ အကြံပေး အမတ်ကြီး ပြောတာက စဉ်းစားသင့်တဲ့အချက်ပဲ။ ဟုတ်တယ်။ သူပြောသလိုပဲ။ ကျုပ် ဒင်းကိုတိုက်နေတာ အခေါက်ပေါင်း မနည်းတော့ဘူး။ နှစ်ပေါင်းလည်း မရေနိုင်တော့ဘူး။ တိုက်တိုင်းလည်း ကျုပ်ရှုံးပြီး ပြန်ခဲ့ရတာ ပဲ။ တိုက်ပွဲမှာ ဒဏ်ရာတွေရ၊ အနာတရတွေ ဖြစ်တဲ့ ကျုပ်ရဲ့စစ်သည်တွေလည်း မနည်း တော့ဘူး။ ဒါပေမဲ့ ကျုပ်လိုချင်နေတဲ့ ကျုပ်နေရာဟောင်းက ခုထိ ပြန်မရ သေးဘူး။

ကျုပ် စဉ်းစားသင့်နေပြီ။ ကျုပ်ပေးဆပ်ခဲ့ရတဲ့ ကျုပ် တပ်သားတွေရဲ့ အားတွေ၊ မာန်တွေ၊ ဒဏ်ရာတွေ အနာတရတွေနဲ့ တပ်သားတွေ၊ ဒါတွေက. . မရသေးတဲ့ ကျုပ်လိုချင်နေတဲ့ အရာနဲ့လဲဖို့ တန်ရဲ့လား။ လဲဖို့လို့ ဆိုရ အောင်ကလည်း ကျုပ်လိုချင်နေတဲ့ ကျုပ်ရဲ့ ဗိမ္မာန်ဟောင်းကို ပြန်ရဖို့ရော သေချာရဲ့လား။ ရလာတယ် ထားဦး။ ဒင်းကရော ဒီတိုင်းငြိမ်နေမလား။ ပြန်တိုက်ခိုက် မလာနိုင်ဘူးလား။ ဒီလိုဆိုရင် ကျုပ်ရဲ့တပ်သားတွေထပ်ပြီး ဒဏ်ရာ

အနာတရတွေ ရနေဦးမှာပဲ။ ကျုပ်တကယ်ကို စဉ်းစားသင့်နေပြီ။ ကျုပ်လိုချင်တဲ့ အရာတစ်ခုအတွက် ကြားကနေ စတေးခံနေရတဲ့ အပြစ်မဲ့တဲ့ ဘဝတွေ။ အဲဒီ ဘဝတွေကို အလှည့်ပေးသင့်ပြီလို့ ကျုပ်ထင်တယ်။ ဘာပဲ ပြောပြော ကျုပ်အခုနေတဲ့နေရာက အရင်လောက် မတောက်ပပေမယ့် အရင်ထက်တော့ ငြိမ်းချမ်းနိုင် လိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဟုတ်တယ် . . . ငြိမ်းချမ်းနိုင်ပါလိမ့်မယ်။ အဲ . . . သခွတ်ပန်းတွေ မပွင့်ခဲ့ရင်ပေါ့။ သခွတ်ပန်း တွေ ပွင့်ရင်တော့ . . .

***

လျှပ်စီးတွေက ဝင်းဝင်းလက်နေတယ်။ မိုးပစ္စုန်ဟာ သူ့ကကြိုးကို အသင့်ပြင်လို့ မာန်ဝင့်နေတဲ့ဟန်။ ရှစ်တိုင်းက ရီရီမှောင်လို့။ ပုစ္ဆန့်လက်ရိုး အာလမ္ဗရစည်တော်ရဲ့ နှိုးဆော်သံကလည်း ကမ္ဘာမြေကို ဟုန်းဟုန်းညံနေ စေတယ်။ ဝသုန်မြေပြင်ထက်မှာတော့ လယ်ထွန်ယောက်ျားပျို တစ်ယောက် က သူ့နွားနှစ်ကောင်နဲ့ ထွန်ရေးငင်နေတယ်။ သူက မှိုင်းမှိုင်းညိုနေသော အမ္ဗုန်ကို ကြည့်ရင်း သီချင်းတစ်ပုဒ်ကို ကျူးသီလိုက်တယ်။

နှစ်တိုင်းပင် သခွတ်ပွင့်ချိန်မှာ . . . သိကြားနဲ့အသူရာ ... သမက်နဲ့ ယောက္ခမ ဘောက်ကျလို့လည်း အားမရနိုင်ပါ . . . ဒါကိုအားမကျဖို့ ... မယားအလှ တောင်းပန်တာ . . . ယောက္ခမဆိုတာ တည့်အောင်ပေါင်း ကျောင်းကို ထိုး . . . ဥပုသ်ရက်ရှည် စောင့်ခိုင်းမှာ . . .

## "နိဂုံး"

အဲဒါပဲဗျ . . . ဒါဆို . . . ကျုပ်ပြောတဲ့ အကြာဆုံးစစ်ပွဲကို ခင်ဗျားသိ လိမ့်မယ်လို့ ထင်ပါတယ်။ အဲ...ဟုတ်တယ်ဗျ။ ခင်ဗျားပြောတဲ့စစ်ပွဲပဲ။ ဒီလို ဆိုတော့လည်း ခင်ဗျားက မဝေးဘူးပဲ။ သိတဲ့ အတိုင်းပဲလေ၊ ဒင်းနဲ့ ကျုပ်နဲ့ ကလည်း မတော်ချင်ပေမယ့် မလိမ္မာတဲ့သမီးကြောင့် တော်နေရတဲ့အမျိုးတွေ မဟုတ်လား။ ဩော် ... ကျုပ်နာမည်လား ... အေးဗျ ... မှတ်ထားပေါ့ ... အကြာဆုံး စစ်ပွဲကို

ဦးဆောင်တိုက်ခိုက်တဲ့ စစ်သေနာပတိကြီး ကျုပ်ရဲ့ နာမည်က ဝေပစိတ္တိတဲ့ဗျာ . . .

**လွှမ်းနောင်**

***